အတွဲ - ၁၊ အမှတ် - ၈၊ ၂၀၂၃ ခုနှစ်၊ မတ်လ။

MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

# တို့မန်းမြေ သတင်းလွှာ

မြန်မာရိုးရာ အတာ သင်္ကြန်

မြန်မာနှစ်သစ်ကူးအခါသမယတွင် ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ငြိမ်းချမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## "အမြင်ကြည်လင်၊ ပြီးပျော်ရွှင်"




### မန်းရေနံမြေဒေသခံများအတွက် မျက်စိကျန်းမာရေးစောင့်ရှောက်မှု ရှေ့ပြေးအစီအစဉ်စတင်

ကမ္ဘာတစ်ဝှမ်းရှိ လူပေါင်း (၂.၂) ဘီလီယံသည် အမြင်အာရုံချို့ယွင်းနေပြီး တစ်ဘီလီယံ (သို့မဟုတ်) ထက်ဝက်နီးပါးသည်မျက်စိကျန်းမာရေးစောင့်ရှောက်မှုကို မရရှိနိုင်သဖြင့် ကာကွယ်ကုသနိုင်သောအခြေအနေနှင့်ကင်းကွာလျက် မျက်စိဝေဒနာခံစားနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာမှုများအရသိရသည်။ မြန်မာနိုင်ငံ၏ "အမျိုးသားမျက်စိကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)" လေ့လာမှုများအရ အမြင်အာရုံချို့ယွင်းခြင်းနှင့် မျက်စိကွယ်ခြင်းသည်

စာမျက်နှာ - ၆ ➤

## မယ်ဘော့ကုန်းကျေးရွာ၊ အခြေခံပညာကျောင်းရှိ စာသင်ကျောင်းဆောင် ပြုပြင်မွမ်းမံ ထိန်းသိမ်းခြင်း

၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လျာထားချက်များအရ မယ်ဘော့ကုန်းကျေးရွာ၊ အခြေခံပညာကျောင်းရှိ စာသင်ကျောင်းဆောင် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာလအတွင်းလုပ်ငန်းအားလုံးပြီးစီးခဲ့သည်။ အဆိုပါကျောင်းအဆောက်အဦသည် အလျား (၄၀) ပေ၊ အမြင့် (၂၄) ပေ ရှိပြီး စာသင်ခန်း (၂) ခန်းဖွဲ့စည်းခြင်း၊ ကျောင်းခေါင်မိုးအသစ်လဲလှယ်ခြင်း၊ မျက်နှာကျက်အသစ်တပ်ဆင်ခြင်း၊ နံရံဆေးသုတ်ခြင်းနှင့် ကြမ်းခင်းပြုပြင်ခြင်း၊ တံခါးပေါက်များပြုပြင်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် မီးချောင်းတပ်ဆင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



စာမျက်နှာ - ၄ ➤

# “အသိဉာဏ်စွမ်းအား အလင်းတံခါး၊ စာဖတ်အားဖြင့် ပွင့်စေမည်”

## အေးမြနှင့်နန်းဦးကျေးရွာ စာကြည့်တိုက်များသို့ MPRL E&P နှင့် ဝန်ထမ်းမိသားစုများက စာအုပ်စာပေများ စုပေါင်းလှူဒါန်း



လူသားများအနေဖြင့် လူ့သက်တမ်းကာလတစ်လျှောက်လုံး အဆင်ပြေချောမွေ့စွာ ရှင်သန်နေထိုင်ရန်နှင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဘဝတစ်သက်တာလေ့လာသင်ယူမှုများအတွက် စာဖတ်ရန် လိုအပ်သည်။ မိမိတို့ဖတ်ရှုသော စာအုပ်စာပေများအလိုက် အထွေထွေဗဟုသုတရရှိနိုင်သည့်အပြင် စိတ်အေးချမ်းတည်ငြိမ်မှုအထိ ပေးစွမ်းနိုင်သောကြောင့် စာဖတ်ခြင်းသည် ဘဝတစ်လျှောက်လုံးတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ မိမိတို့ မသွားဖူး၊ မရောက်ဖူးသော နေရာဒေသများကို စာအုပ်စာပေဖတ်ရှုခြင်းမှတစ်ဆင့် လေ့လာသိရှိနိုင်သောကြောင့် စာအုပ်များကို ဈေးအသက်သာဆုံးသော သယ်ယူပို့ဆောင်ရေးစနစ်ဟု ခေါ်ဆိုကြသည်။ ထို့အပြင် စာအုပ်စာပေရှိနေလျှင် မိတ်ကောင်းဆွေကောင်းရရှိကာ အထီးကျန်ခြင်းမှ ကင်းဝေးစေသောကြောင့် “စာအုပ်စာပေ လူ့မိတ်ဆွေ” ဟူသော ဆိုရိုးစကား ပေါ်လာဟန်ရှိပေသည်။

အဆိုပါ ဆိုရိုးစကားသည် စာအုပ်ဆိုင်များ၊ စာကြည့်တိုက်များ၊ လူထုအခြေပြုဗဟိုဌာနများ စသည့် သတင်းအချက်အလက်၊ စာအုပ်စာပေရင်းမြစ်ကောင်းများနှင့်နီးစပ်သည့် မြို့နေလူတန်းစားများအတွက် မှန်ကန်နိုင်ခြေရှိသည်။ သို့ရာတွင် စားဝတ်နေရေးကျပ်တည်းသည့် မြို့နေပြည်သူများနှင့် ကျေးလက်ပြည်သူများအတွက်မူ စာအုပ်စာပေရင်းမြစ်များမှာ အလှမ်းဝေး ခက်ခဲနေဆဲပင်ဖြစ်သည်။



လူမှုတာဝန်သိလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသော MPRL E&P ကုမ္ပဏီအနေဖြင့် မန်းရေနံမြေဒေသခံများအတွက် လေ့လာသင်ယူမှုများနှင့် ပိုမိုကောင်းမွန်သော လူနေမှုဘဝကို အားပေးသည့် လူထုအခြေပြုဗဟိုဌာန ကနဦးစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စတင်မိတ်ဆက်ခဲ့သည်။ MPRL E&P ကုမ္ပဏီအနေဖြင့် လုပ်ငန်းများဆောင်ရွက်စဉ် လုပ်ငန်းအကျိုးစီးပွားအပြင် လူမှုအသိုက်အဝန်း၏ရေရှည်ဖွံ့ဖြိုး တိုးတက်မှုကို ဦးစားပေးဆောင်ရွက်သကဲ့သို့ သက်ဆိုင်သူအားလုံး၏ ပူးပေါင်းပါဝင်မှုရရှိအောင် တိုက်တွန်းအားပေးလျက်ရှိရာ အေးမြနှင့်နန်းဦးကျေးရွာတို့ရှိ စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ရာတွင် စာအုပ်စာစောင်များ လှူဒါန်းမည့်အစီအစဉ်ကိုပါ ပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာ (သို့မဟုတ်) အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော အတန်အသင့်ဟောင်းနွမ်းသော စာအုပ်ဖြစ်စေ၊ အသစ်ဖြစ်စေ စာအုပ်စာပေများကို MPRL E&P ကုမ္ပဏီများအုပ်စု၏ အဖွဲ့ဝင်ကုမ္ပဏီများမှဝန်ထမ်းများ အနေဖြင့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်မှ (၁၅) ရက်နေ့အတွင်း လှူဒါန်းနိုင်ကြောင်း MPRL E&P (CSR အစီအစဉ်) က ဖိတ်ခေါ်စာဖြင့် ဖိတ်ခေါ်ခဲ့သည်။

ယင်းသို့လှူဒါန်းနိုင်ရန် CSR အစီအစဉ်၏ ရန်ပုံငွေ ကျပ် ၁,၀၀၀,၀၀၀/ (ကျပ်ဆယ်သိန်း) နှင့် ဝန်ထမ်းမိသားစုများ၏ လှူဒါန်းငွေ ကျပ် ၆၃၀,၀၀၀/ (ကျပ်ခြောက်သိန်းသုံးသောင်း) အပါအဝင် ကျပ် ၁,၆၃၀,၀၀၀/ (ကျပ်တစ်ဆယ့်ခြောက်သိန်းသုံးသောင်း) တန်ဖိုးရှိ စာအုပ် (၅၀၉) အုပ်နှင့် MPRL E&P ကုမ္ပဏီများအုပ်စုရှိ ဝန်ထမ်းမိသားစုများ၏ လှူဒါန်းစာအုပ် (၉၁၁) အုပ်တို့ကို စုစည်းနိုင်ခဲ့သည်။

စာအုပ်များတွင် ကလေးစာပေဆိုင်ရာ ရောင်စုံရုပ်ပြများ၊ ကာတွန်းများ၊ ဂန္ထဝင်ပုံပြင်များ၊ ဆေးရောင်ခြယ်စာအုပ်များ၊ လူငယ်စာပေဆိုင်ရာ ဝတ္ထု၊ မဂ္ဂဇင်း၊ စာစောင်များ၊ အဘိဓာန်များနှင့် အထွေထွေဗဟုသုတ စာအုပ်မျိုးစုံပါဝင်သည်။ အဆိုပါ စုပေါင်းလှူဒါန်းထားသော စာအုပ် (၁,၄၂၀) အုပ်နှင့် စာကြည့်တိုက်ရန်ပုံငွေ ကျပ် ၂၃၀,၀၀၀/ (ကျပ်နှစ်သိန်းသုံးသောင်း) ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် CSR လုပ်ငန်းအဖွဲ့ဝင်များက အေးမြကျေးရွာလူထုအခြေပြုဗဟိုဌာနနှင့် နန်းဦးကျေးရွာစာကြည့်တိုက်များသို့ အညီအမျှ ခွဲဝေလှူဒါန်းခဲ့သည်။

စာအုပ်စာပေလှူဒါန်းမှုမှသည် ဒေသခံလူငယ်များ၏ စာပေချစ်မြတ်နိုးစိတ်နှင့် စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားရရှိမည်ဟု မျှော်လင့်သည့်အပြင် စာပေအရင်းအမြစ်ကောင်းများရှိရာတွင် စာဖတ်ခြင်းဖြင့် မျိုးဆက်သစ်လူငယ်များ၏ အသိဉာဏ်စွမ်းအား အလင်းတံခါးကို ပွင့်စေမည်ဟု ယုံကြည်မိပါသည်။ ■





တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေ သတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင်ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်း ခွင့်မပြုပါ။

**စာတည်းမှူး**
ဝတ်မှုံတင်လတ်
withmone.t.latt@mprlexp.com

**စာတည်း**
မိုးသူဇာစိုး
moe.tz.soe@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီဇိုင်း**
ထက်နိုင်ဝင်း
htet.n.win@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower – အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း – ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် – ၀၁ ၂၃၀ ၇၇၆၄
အီးမေးလ် – mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် – www.mprlexp.com

# မန်းရေနံမြေကျောင်းသားလူငယ်များအတွက် သင်ယူဝေမျှ အတူတကွ အစီအစဉ်







"သင်ယူဝေမျှ အတူတကွ" အစီအစဉ်တွင်
မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်း၍ အကြော်စုံနှင့် ခရမ်းချဉ်သီးသုပ်ပြိုင်ပွဲကျင်းပခြင်း





ကျောင်းသားလူငယ်များအတွက် ပညာရေးနှင့် ကာယဉာဏ ဖွံ့ဖြိုးရေးကို ပေါင်းစပ်လေ့ကျင့်ပေးနိုင်ရန် ကျောင်းပြင်ပ လှုပ်ရှားမှုများတွင် ပါဝင်စေနိုင်ရန်နှင့် မိဘ၊ဆရာ၊ ကျောင်းသား ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်အဖြစ် "သင်ယူဝေမျှ အတူတကွ" (Outdoor Classroom Day) အစီအစဉ်ကို မန်းရေနံမြေရှိ "စိမ်းလန်းစိုပြေ တို့ကျောင်းမြေ" ဥယျာဉ်စိုက်ပျိုးထားရှိသည့် အခြေခံပညာကျောင်းနှစ်ကျောင်းအနက် လက်ပံတပင်ကျေးရွာ အခြေခံပညာကျောင်း၌ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့တွင် MPRL E&P CSR လုပ်ငန်း အဖွဲ့ဝင်များက ဦးစီး၍ ပြုလုပ်ကျင်းပခဲ့သည်။



လက်ပံတပင်ကျေးရွာအခြေခံပညာကျောင်းတွင် မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်း၍ ကျောင်းပြင်ပလှုပ်ရှားမှုအဖြစ် ဂိမ်းကစားခြင်း၊ အသိပညာမျှဝေခြင်း



အဆိုပါအစီအစဉ်အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များက ကနဦးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပြီး အစီအစဉ်တွင် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို မျှဝေခြင်း၊ ကျောင်းသားလူငယ်များအတွက်ကစားနည်းများ ယှဉ်ပြိုင်ကစားခြင်း၊ ကျောင်းသား (၁၂) ဦး၊ ဆရာမ (၁) ဦးနှင့် မိဘ (၃) ဦးစီ ပါဝင်သည့် အဖွဲ့ငယ် (၅) ဖွဲ့၏ အကြော်စုံပြိုင်ပွဲနှင့် ကျေးရွာထွက်ခရမ်းချဉ်သီးများဖြင့် ခရမ်းချဉ်သီးသုပ်ပြိုင်ပွဲတို့ကို ကျင်းပပြုလုပ်ခဲ့သည်။ အကြော်စုံပြိုင်ပွဲနှင့် ခရမ်းချဉ်သီးသုပ်ပြိုင်ပွဲတွင် မိဘ၊ ဆရာ၊ ကျောင်းသားများ ပူးပေါင်း၍ "ရွှေညာသူ၊ မိုးမခ၊ သံယောဇဉ်၊ ပိုးသားဖြူနှင့် ပန်းပျိုးလက်" ဟူ၍ အဖွဲ့ (၅) ဖွဲ့၏ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် သန့်ရှင်းသပ်ရပ်စွာ ချက်ပြုတ်ပြင်ဆင်မှုနှင့် တွဲဖက်စားသုံးမည့်အချဉ်အရသာ စသည်တို့ကို အကဲဖြတ်ဒိုင် (၅) ဦးဖြင့် ဆန်းစစ်ခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အဖွဲ့ (၃) ဖွဲ့နှင့် ပါဝင်ယှဉ်ပြိုင်သည့် အဖွဲ့များကို ဆုများအသီးသီး ချီးမြှင့်ခဲ့သည်။

Outdoor Classroom Day အစီအစဉ်သည် ကျောင်းနေအရွယ်ကလေးငယ်များအတွက် ကာယဉာဏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကိုယ်လက်လှုပ်ရှားကစားခုန်စားခြင်းနှင့် အခြားအသိပညာမျှဝေမှုများကို ကျောင်းပြင်ပသင်ယူမှုအဖြစ် နှစ်စဉ် မေလနှင့် နိုဝင်ဘာလများတွင် ပြုလုပ်ကျင်းပလေ့ရှိသည့် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုတစ်ခုဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းရှိကလေးများအတွက် ကလေးအရွယ်တွင် အရေးပါသည့် ကစားခုန်စားသည့် အလေ့အထကို အလေးထားဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြုလုပ်ကြခြင်းဖြစ်ပြီး အဆိုပါအစီအစဉ်ကို ၂၀၁၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံက စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် နိုင်ငံပေါင်း (၁၀၀) ကျော်ရှိ ကလေးပေါင်း (၃.၅) သန်းကျော် ပါဝင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခုနှစ်အတွက် နိုဝင်ဘာလအတွင်း ကမ္ဘာတစ်ဝှမ်းရှိ ကျောင်းပေါင်း (၁,၀၀၀) ကျော်တွင် ကျောင်းပြင်ပသင်ယူမှုအဖြစ် အဆိုပါအစီအစဉ်ကို အတူတကွပါဝင် ကျင်းပပြုလုပ်ခဲ့ကြသည်။ ■

## အွန်လိုင်းအင်္ဂလိပ်စာ တစ်နှစ်သင်တန်းသားများကို ပထမသုံးလပတ် တတ်မြောက်မှုစစ်ဆေး သင်တန်းနည်းပြများ၏ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ဆန်းစစ်ပြီးဖြစ်

မန်းရေနံမြေဒေသခံလူငယ်များအတွက် MPRL E&P ကုမ္ပဏီ၏ စွမ်းရည်မြှင့်အစီအစဉ်တစ်ရပ်အနေဖြင့် အေးမြကျေးရွာရှိ ကျေးရွာလူထုအခြေပြုဗဟိုဌာန (Community Center) တွင် အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်ကို iGroup (Asia Pacific) Limited ၏ mangoSTEEMS Myanmar နှင့် ချိတ်ဆက်၍ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၇)



ရက်နေ့တွင် စတင်ခဲ့ရာ အေးမြကျေးရွာနေ ကျောင်းသား (၁၅) ဦး တက်ရောက်လေ့လာသင်ယူလျက်ရှိသည်။

အဆိုပါ ကျောင်းသားများ၏ နားလည်တတ်ကျွမ်းမှုကို စစ်ဆေးသည့် ပထမသုံးလပတ်စစ်ဆေးမှုအစီအစဉ်တွင် ကျောင်းသားတစ်ဦးချင်းအလိုက် ရလဒ်နှင့်ရမှတ်များအရ ကျောင်းသား (၁၅) ဦးအနက် မောင်သက်တန့်ညီ၊ မောင်ကောင်းခန့်ကျော်နှင့် မပန်းအိသွင်တို့က ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် MPRL E&P CSR လုပ်ငန်းအဖွဲ့ဝင်များက အမှတ်တရ ကျောင်းသုံးပစ္စည်းများ အသီးသီးချီးမြှင့်ခဲ့သည်။

အဆိုပါတစ်နှစ်သင်တန်းကို မူလတန်းကျောင်းသား (၁၅) ဦး အတွက် ဖွင့်လှစ်ထားပြီး လိုအပ်သည့် စစ်ဆေးမှုများကိုလည်း သင်တန်းမှူးဆရာမများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် ကျောင်းသားများ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန် စေတနာထားသင်ကြားပေးမှု၊ သင်ကြားမည့်သင်ခန်းစာများအပေါ် နားလည်သိရှိမှုနှင့် စာသင်ခန်းတွင်လေ့လာ စောင့်ကြည့်ခြင်းဖြင့် သင်တန်းနည်းပြများ၏ လုပ်ငန်းစွမ်းဆောင်ရည်အကဲဖြတ်မှုများကို ဆောင်ရွက်ပြီးဖြစ်သည်။ ■



မျက်နှာဖုံးမှ အဆက်



မယ်ဘော့ကုန်းကျေးရွာ၊ အခြေခံပညာကျောင်းရှိ စာသင်ကျောင်းဆောင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၁၁,၁၅၅,၉၀၀/ (ကျပ် တစ်ရာတစ်ဆယ့်တစ်သိန်းငါးသောင်းငါးထောင့်ကိုးရာ) မတည်တည်ဆောက်ခဲ့ရာ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ကျောင်းသားမိဘများက ကျပ် ၁,၂၀၀,၂၀၀/ (ကျပ် တစ်ဆယ့်နှစ်သိန်းနှစ်ရာ) ပူးပေါင်းပါဝင်ပံ့ပိုးခဲ့ပြီး စုစုပေါင်း ကျပ် ၁၂,၃၅၆,၁၀၀/ (ကျပ် တစ်ရာနှစ်ဆယ့်သုံးသိန်းငါးသောင်းခြောက်ထောင့်တစ်ရာ) အကုန်အကျခံ ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

### လက်ပံတောကျေးရွာ၊ အခြေခံပညာကျောင်းတွင် အရိပ်ရအမိုးခုံး တည်ဆောက်ပြီးစီး

မန်းရေနံမြေရှိ အခြေခံပညာကျောင်းများတွင် ကျောင်း အဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းပတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်းများကို MPRL E&P (CSR အစီအစဉ်) ဖြင့် နှစ်အလိုက် ဘဏ္ဍာငွေများ သတ်မှတ်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း လက်ပံတောကျေးရွာရှိ စာသင်ကျောင်းတွင် အမိုးခုံးတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့သည်။

အရိပ်ရအမိုးခုံး တည်ဆောက်ရာတွင် လက်ပံတောကျေးရွာ စာသင်ကျောင်းတွင် တက်ရောက်လျက်ရှိသည့် ကျောင်းသားကျောင်းသူများအတွက် ခရမ်းလွန်ရောင်ခြည်ကာကွယ်ပြီး အပူဒဏ်ခံနိုင်ရန်၊ ကခုန်ကစား ပြုလုပ်နိုင်မည့် ကျောင်းတွင်းဧရိယာ ပိုမိုကျယ်ပြန့်စွာ ရရှိနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။


အလျား (၅၀) ပေ နှင့် အနံ (၁၄) ပေ ရှိ အမိုးခုံးကို Steel Structure အသုံးပြုတည်ဆောက်ခဲ့ပြီး MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၄,၆၇၂,၃၅၀/ (ကျပ်လေးဆယ့်ခြောက်သိန်းခုနစ်သောင်းနှစ်ထောင့်သုံးရာ့ငါးဆယ်) မတည်တည်ဆောက်ခဲ့ပြီး ကျောင်းဖွံ့ဖြိုးတိုးတက် ရေးရန်ပုံငွေနှင့် လက်ပံတောကျေးရွာဒေသခံများက ကျပ် ၃၂၁,၉၀၀/ (ကျပ်သုံးသိန်းနှစ်သောင်းတစ်ထောင့်ကိုးရာ) ပူးပေါင်းပါဝင်ခဲ့ပြီး စုစုပေါင်း ကျပ် ၄,၉၉၄,၂၅၀/ (ကျပ်လေးဆယ့်ကိုးသိန်းကိုးသောင်းလေးထောင့်နှစ်ရာ့ငါးဆယ်) အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။





### လက်ပံတပင်ကျေးရွာတွင် ကွန်ကရစ်ရေကျော် လမ်းခင်းသည့်လုပ်ငန်းပြီးစီး

မန်းရေနံမြေဒေသအတွင်းရှိပြီး ကြာကန်၊ ပေါက်ကုန်းနှင့် လက်ပံတပင်ကျေးရွာတို့အတွက် ကျေးရွာချင်းဆက်လမ်းရှိ ရေတိုက်စားမှုဖြစ်ပွားလေ့ရှိသည့် နေရာများတွင် ကွန်ကရစ်ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးဆောင်ရွက်ခဲ့သည်။ လက်ပံတပင်ကျေးရွာရှိ ကွန်ကရစ်ရေကျော်သည် အလျား (၂၀) ပေနှင့် အနံ (၁၈) ပေ ရှိပြီး စုစုပေါင်း ကုန်ကျစရိတ် ကျပ် ၁,၆၉၀,၂၀၀/ (ကျပ် တစ်ဆယ့်ခြောက်သိန်းကိုးသောင်းနှစ်ရာ) တွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၁,၆၀၀,၂၀၀/ (ကျပ်တစ်ဆယ့်ခြောက်သိန်းနှစ်ရာ) နှင့် လက်ပံတပင်ကျေးရွာဒေသခံများက ကျပ် ၉၀,၀၀၀/ (ကျပ်ကိုးသောင်း) ပါဝင်ပူးပေါင်း အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ■



ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လက်ပံတပင်ကျေးရွာ

ဂုဏ်ပြုမှတ်တမ်းလွှာ

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ လက်ပံတပင်ကျေးရွာ ကွန်ကရစ်ရေကျော်လမ်းခင်းခြင်းအတွက် ကုန်ကျစရိတ်စုစုပေါင်း ကျပ် ၁,၆၀၀,၂၀၀/ (ကျပ်တစ်ဆယ့်ခြောက်သိန်းနှစ်ရာတိတိ)ကို MPRL E&P (CSR အစီအစဉ်)ဖြင့် ပံ့ပိုးပါသောကြောင့် ဤဂုဏ်ပြုမှတ်တမ်းလွှာဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

| | | | |
|---|---|---|---|
| လက်မှတ် | [signature] | [signature] | [signature] |
| အမည် | ဦးမောင်ဝေ | ဦးရွှေဘ | ဦးဇေ်းလွင် |
| | ကျေးရွာအုပ်ချုပ်ရေးမှူး<br>လက်ပံတပင်ကျေးရွာ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ - ၁<br>လက်ပံတပင်ကျေးရွာ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ - ၂<br>လက်ပံတပင်ကျေးရွာ |

ရက်စွဲ ။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်

# မန်းရေနံမြေဒေသခံတောင်သူများအတွက် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်

## ကြာကန်ကျေးရွာတွင် ကုလားပဲစိုက်တောင်သူများအတွက် စိုက်ပျိုးရေးအသိပညာပေး

မန်းရေနံမြေထိစပ်ကျေးရွာများအနက် ကြာကန်ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ကုလားပဲခင်းများတွင် ပိုးမွှားကျရောက်မှုနှင့် ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရေတံခွန်စိုက်ပျိုးရေးအကြံပေးဝန်ဆောင်မှုအဖွဲ့နှင့်ပူးပေါင်း၍ မန်းတောင်သူများအတွက် အသိပညာပေးအစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ကြာကန်ကျေးရွာတွင် ကျင်းပခဲ့ရာ တောင်သူ စုစုပေါင်း (၄၀) ဦးတက်ရောက်ခဲ့သည်။



၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ရေတံခွန်စိုက်ပျိုးရေးအကြံပေးအဖွဲ့နှင့်ပူးပေါင်း၍ စိုက်ပျိုးတောင်သူ (၂၂၆) ဦးအတွက် စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပွဲ (၇) ကြိမ်ကို MPRL E&P (CSR အစီအစဉ်ဖြင့်) ပံ့ပိုးခဲ့ပြီးဖြစ်သည်။

## I-2 ကြက်မျက်စဉ်းဆေးများဖြန့်ဝေခြင်း

မန်းရေနံမြေဒေသခံများအနက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူများ၏ မွေးမြူထားသည့် ကြက်များတွင် အပူဒဏ်နှင့်လည်လိမ်ရောဂါ ကာကွယ်နိုင်ရေးအတွက် မင်းဘူး (စကု) မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနထံမှ I-2 ကြက်မျက်စဉ်းဆေးများရရှိနိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။ အဆိုပါအစီအစဉ်အရ မင်းဘူး (စကု) မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဇန်နဝါရီလတွင် I-2 မျက်စဉ်းဆေး စုစုပေါင်း (၁၄) ပုလင်း ရရှိခဲ့ပြီး အောက်ကျောင်း၊ လေးအိမ်တန်း၊ မန်းကျိုးနှင့် မယ်ဘော့ကုန်းကျေးရွာတို့ရှိ မွေးမြူရေးတောင်သူစုစုပေါင်း (၂၄) ဦး၏ ကြက်ကောင်ရေ (၉၇၀) နှင့် ဖေဖော်ဝါရီလတွင် I-2 မျက်စဉ်းဆေး စုစုပေါင်း (၆) ပုလင်း ရရှိခဲ့ပြီး ကြက်ကောင်ရေ (၂၉၀) အတွက် ဖြန့်ဝေနိုင်ခဲ့ပြီး မျက်စဉ်းခတ်နည်းများကိုပါ ကျေးရွာစေတနာ့ဝန်ထမ်းများက လက်တွေ့သရုပ်ပြသခဲ့သည်။ ■




### ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ မန်းရေနံမြေရှိ ခရမ်းချဉ်စိုက်ခင်းအခြေအနေ

ခရမ်းချဉ်စိုက်ပျိုးတောင်သူဦးရေ **၂၇ ဦး**

သီးနှံဆွတ်ခူးရရှိမှု **၄၆,၉၆၅** ပိဿာ

စိုက်ပျိုးဧက **၇.၃ ဧက**






## ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ပုံမှန်လည်ပတ်၊ လက်ဆေးစင်နှင့် လက်ဆေးနည်းအလေ့အထများကို စောင့်ကြည့်လေ့လာ

MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်သည် (၃) နှစ်တာကာလအတွင်း မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၃) ရွာတွင် ပုံမှန်ကောင်းမွန်စွာ လည်ပတ်လျက်ရှိသည်။ ထို့ပြင် မန်းရေနံမြေရှိ အခြေခံပညာကျောင်းများတွင် တပ်ဆင်ထားရှိပြီးဖြစ်သော လက်ဆေးစင်များနှင့် ကျောင်းသားများ၏ လက်ဆေးနည်းအလေ့အထများကို ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များက ပုံမှန်လေ့လာစောင့်ကြည့်လျက်ရှိသည်။

၂၀၂၃ ခုနှစ်အတွင်း Trash Hero Minbu ၏ အမှိုက်ကောက်လှုပ်ရှားမှု (၁၇) ကြိမ်တွင် အမှိုက်ကောက်သူရဲကောင်း (၃၆၅) ဦးက အမှိုက်ကီလိုပေါင်း (၅၀၅) ကီလိုခန့်ကို စုပေါင်းအမှိုက်ကောက်ယူနိုင်ခဲ့သည်။ ■

### ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အမှိုက်ကောက်လှုပ်ရှားမှုများ

အမှိုက်ကောက်သူဦးရေ **၃,၃၄၆ ဦး**

အမှိုက်အိတ်ပေါင်း **၁,၇၄၆ အိတ်**

အမှိုက်ကီလိုပေါင်း **၈,၇၃၀ ကီလို**

အမှိုက်ကောက် အကြိမ်ရေ **၂၀၈ ကြိမ်**



# မန်းဒေသခံလူငယ်များအတွက် ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များဖြင့် ပညာသင်ဆုများ ဆက်လက်ပံ့ပိုး

MPRL E&P သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)၊ စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး) တို့နှင့် ပူးပေါင်း၍ ပညာသင်ဆုထောက်ပံ့သည့် အစီအစဉ်များဖြင့် မန်းရေနံမြေ ဒေသခံလူငယ် (၁၇) ဦးကို ပံ့ပိုးနိုင်ခဲ့သည်။ အဆိုပါကျောင်းသား (၁၇) ဦးအနက် (၇) ဦးမှာ သင်တန်းပြီးဆုံးပြီး အလုပ်အကိုင်များ ရရှိလုပ်ကိုင်လျက်ရှိသည်။ ကျန်ရှိသည့် ကျောင်းသား (၁၀) ဦး အတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ဆု ဆက်လက်ပံ့ပိုးနိုင်ရန် စီမံထားပြီးဖြစ်သည်။




ပညာသင်ဆုရ ကျောင်းသားများနှင့် ပုံမှန်သွားရောက်တွေ့ဆုံခြင်း



ပညာသင်ဆုရကျောင်းသားဟောင်းများ၏ အတွေ့အကြုံနှင့် သင်တန်းဆိုင်ရာ ကြိုတင်ပြင်ဆင်နိုင်ရေး အသိပညာများမျှဝေခြင်း

မန်းရေနံမြေဒေသခံများအနက် ပညာသင်ဆုလျှောက်ထားရန် ပြင်ဆင်လျက်ရှိသည့် ကျောင်းသားများအတွက် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) သို့တက်ရောက်အောင်မြင်ပြီး လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် ကျောင်းသားဟောင်းများက ပညာသင်ဆုဖြင့် ကျောင်းတက်ရောက်ခြင်း အတွေ့အကြုံနှင့် သင်တန်းဆိုင်ရာ ကြိုတင်ပြင်ဆင်နိုင်ရန် ရှင်းလင်းတင်ပြမှု အစီအစဉ်ကို အောက်ကျောင်းကျေးရွာ ဓမ္မာရုံတွင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် မန်းရေနံမြေထိစပ်ကျေးရွာဖြစ်သည့် ရွာသာကျေးရွာမှ ကျောင်းသားတစ်ဦးသည် ဆေးတက္ကသိုလ် (မကွေး) သို့တက်ရောက်ခွင့်ရရှိပြီး ပညာသင်ဆုပံ့ပိုးနိုင်ရေးအတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် CSR လုပ်ငန်းအဖွဲ့ဝင်များထံ ဆက်သွယ်၍အကူအညီတောင်းခံခဲ့ရာ ဆေးတက္ကသိုလ် (မကွေး) သို့တက်ရောက်နိုင်ရန် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ CSR ရန်ပုံငွေဖြင့် လစဉ်ပညာသင်ထောက်ပံ့ကြေး ပံ့ပိုးလျက်ရှိသည်။ ထို့ပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက်လည်း အလားတူ ထောက်ပံ့မှုအစီအစဉ် ဆက်လက်ပံ့ပိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ■



ဆေးတက္ကသိုလ် (မကွေး) သို့ တက်ရောက်ခွင့်ရရှိသည့် ရွာသာကျေးရွာမှ မောင်ပြည့်ဖြိုးဇော်

မျက်နှာဖုံးမှ အဆက်

မြန်မာနိုင်ငံတွင် ပြင်းထန်သော ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်ဖြစ်ပြီး လူဦးရေ၏ (၇၀) ရာခိုင်နှုန်းခန့် နေထိုင်သည့် ကျေးလက်ဒေသများ၌ ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများ သိသိသာသာမြင့်မားလျက်ရှိသည်။

ပူပြင်းခြောက်သွေ့ပြီး ဖုန်ထူ၍ သောက်သုံးရေလုံလောက်စွာမရရှိသော မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများတွင် မျက်စိရောဂါအန္တရာယ်များ ဖြစ်နိုင်ချေမြင့်မားသည့်အလျောက် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ် မန်းရေနံမြေရှိ ဒေသခံများ၏ မျက်စိကျန်းမာရေးလိုအပ်ချက်ကို ပိုမိုပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန (မင်းဘူးဆေးရုံ) နှင့်ပူးပေါင်း၍ MPRL E&P (CSR အစီအစဉ်) သည် စေတနာရှင် နိုင်ငံခြားသားဝန်ထမ်းတစ်ဦး၏ မတည်လှူဒါန်းငွေအပြင် CSR ရန်ပုံငွေများဖြင့် "အမြင်ကြည်လင်၊ ပြုံးပျော်ရွှင်" မျက်စိကျန်းမာရေးစောင့်ရှောက်မှု ရွေ့ပြေးအစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ခဲ့သည်။

အစီအစဉ်အရ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနမှ ကျန်းမာရေးမှူးများက မျက်စိတည်ဆောက်ပုံ၊ မျက်စိမှုန်ခြင်းနှင့် မျက်စိရောဂါလက္ခဏာများ၊ ကုသ၍ရသော မျက်စိရောဂါများနှင့် မျက်စိကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကို မန်းရေနံမြေ အခြေခံပညာကျောင်း (၁၀) ကျောင်းရှိ ကျောင်းသားကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများကို အသိပညာ



ပံ့ပိုးနိုင်ခဲ့သည်။ ထို့ပြင် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန (မင်းဘူးဆေးရုံ) ၏ မျက်စိသမားတော်ကြီး ဒေါက်တာအိအိအောင် ဦးဆောင်သည့် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် MPRL E&P CSR လုပ်ငန်းအဖွဲ့ဝင်များ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်း သူ (၁,၈၄၇) ဦး နှင့် ဆရာ၊ ဆရာမ (၇၄) ဦးအတွက် မျက်စိကျန်းမာရေးစစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၃၀)၊ (၃၁) ရက်နှင့် ဖေဖော်ဝါရီလ (၂) ရက်နေ့တို့တွင် ကနဦး ပံ့ပိုးဆောင်ရွက်နိုင်ခဲ့သည်။

စစ်ဆေးမှုအရ ကျောင်းသူ၊ ကျောင်းသားနှင့် ဆရာ၊ ဆရာမ (၅၂) ဦးတွင် အမြင်မှုန်ဝါးခြင်း၊ မျက်စိညောင်းခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိစွေခြင်းစသည့် အမြင်အာရုံ ပြဿနာများရှိပြီး မျက်မှန်တပ်ရန်လိုအပ်သူ (၂၉) ဦး၊ မျက်စဉ်းခတ်ရန်လိုအပ်သူ (၁၅) ဦး၊ တစ်လတာ မျက်စိအားဆေး သောက်သုံးရန် လိုအပ်သူ (၁) ဦး၊ မျက်စိခွဲစိတ်ကုသရန် လိုအပ်သူ (၂) ဦးရှိကြောင်း စမ်းသပ်စစ်ဆေးတွေ့ရှိရသည့်အတွက် MPRL E&P (CSR အစီအစဉ်) သည် စေတနာရှင် နိုင်ငံခြားသားဝန်ထမ်းတစ်ဦး လှူဒါန်းထားသော အလှူငွေအပြင် CSR ရန်ပုံငွေများဖြင့် မျက်စဉ်း၊ မျက်မှန်နှင့် မျက်စိဆေးဝါးများ ပံ့ပိုးခဲ့ပြီး လိုအပ်သည့် ကုသမှုများအချိန်မီရယူနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မျက်စိကျန်းမာရေးစောင့်ရှောက်မှု ရွေ့ပြေးအစီအစဉ်ရလဒ်များအရ မန်းရေနံမြေဒေသရှိ မျက်စိရောဂါဝေဒနာခံစားနေရသော သက်ကြီးရွယ်အိုများအတွက်လည်း လာမည့်ဘဏ္ဍာရေးနှစ်အတွင်း အလားတူ မျက်စိကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးပေးနိုင်ရန် MPRL E&P (CSR အစီအစဉ်) က စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ■



ကျောဖုံးမှ အဆက် ➤



ဒေါက်တာလှိုင်မင်းထက်ကျော်
ရေနံမြေတာဝန်ခံဆရာဝန်

"MPRL E&P ရဲ့ HSE ဌာနမှာ နှစ်နှစ်လောက် လုပ်လာပြီးတဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ ရေနံမြေအခြေစိုက်ရုံးက မူလတာဝန်တွေအပြင် CSR & Communications ဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ မန်းဒေသခံတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ အစီအစဉ်မှာ တာဝန်ခံဆရာဝန်တစ်ယောက်အနေနဲ့ ပံ့ပိုးကူညီဖို့ အခွင့်အရေးရခဲ့ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ကျန်းမာရေးအသိပညာတွေ အလွယ်တကူရရှိဖို့ အခက်အခဲရှိတဲ့ မန်းရေနံမြေထိစပ်ကျေးရွာတွေက ဒေသခံတွေအတွက်ကတော့ MPRL E&P ရဲ့ ရွေ့လျားဆေးပေးခန်းတွေက အဓိကကျပြီး တကယ်လည်းအကျိုးရှိပါတယ်။ ဒေသခံတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ပေးနိုင်အောင်နဲ့ ကျန်းမာရေးဆိုင်ရာ ရေရှည်မျှော်မှန်းချက်တွေ ပြည့်မီအောင် စီစဉ်ထားတဲ့ ဒီအစီအစဉ်မှာ ကျွန်တော့်လုပ်ဖော်ကိုင်ဖက် ဒေါက်တာကျော်ရဲထွဋ်နဲ့ ကျန်တဲ့ကျန်းမာရေးအထောက်အကူပြုဝန်ထမ်းတွေ၊ ဒေသခံစေတနာ့ဝန်ထမ်းတွေ၊ CSR လုပ်ငန်းအဖွဲ့ဝင်တွေနဲ့အတူ အုတ်တစ်ချပ်၊ သဲတစ်ပွင့် အဖြစ်နဲ့ ပါဝင်ခွင့်ရနေတာကိုလည်း ဝမ်းမြောက်မိပါတယ်။

ဆေးခန်းထိုင်ရတဲ့ အတွေ့အကြုံအနေနဲ့ကတော့ အသက်အရွယ်ရတဲ့ လူနာတွေ ဆေးခန်းလာပြကြတဲ့ အဓိကပြဿနာတွေက အသက်အရွယ်၊ အမူအကျင့်၊ ပတ်ဝန်းကျင်နဲ့ လုပ်ကိုင်ရတဲ့ လုပ်ငန်းတွေကြောင့် ဖြစ်လေ့ရှိတဲ့ ခါးနာ၊ အဆစ်နာ၊ ကျီးပေါင်း၊ အဆစ်အမြစ်ရောင်ရမ်းနာတွေ ဖြစ်ပါတယ်။

**“ မန်းရေနံမြေဒေသခံတွေအတွက် အခုလို ရွေ့လျားဆေးပေးခန်းတွေကနေ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ကိုယ့်ရပ်ရွာထဲမှာပဲ အလွယ်အတူ အခမဲ့ ရရှိနေတာဖြစ်လို့ တကယ်အကျိုးများပါတယ်။ ”**



ထင်ထင်ရှားရှား တွေ့ရတဲ့ ဝေဒနာတွေကတော့ သွေးတိုးနဲ့ ဆီးချိုပါပဲ။ ပိုပြီးပြင်းထန်လာနိုင်ချေရှိပြီး ဆေးရုံတက်ရောက်ကုသရတဲ့အထိ ဖြစ်လာနိုင်တဲ့ သွေးတိုးနဲ့ ဆီးချိုဝေဒနာသည်တွေကိုတော့ ပိုပြီးဂရုတစိုက်ရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့လည်း ပုံမှန်ကုသမှုရရှိအောင်နဲ့ ဆေးသောက်ပျက်ကွက်တာတွေ ရှိ၊ မရှိတွေပါ စစ်ဆေးရပါတယ်။ ဒါပေမယ့်လည်း တကယ်တမ်းလက်တွေ့မှာ ရောဂါနဲ့ပတ်သက်ပြီး ကုသမှုမှန်မှန်မယူတဲ့ ဆီးချို၊ သွေးတိုးဝေဒနာရှင်တွေအတွက်တော့ လိုအပ်တဲ့ သတင်းအချက်အလက်နဲ့ ကျန်းမာရေးအသိပညာပေးရတာတွေ အမြဲရှိပါတယ်။

အခုဆိုရင် ကျွန်တော်တို့တွေအားလုံးက အဖြစ်များတဲ့ ရောဂါတွေနဲ့ပတ်သက်ပြီး ဘာကြောင့်ဖြစ်တယ်၊ ဘယ်လိုကာကွယ်နိုင်တယ်ဆိုတာတွေကို သေချာပြင်ဆင်ပြီး ကျန်းမာရေးအသိပညာတွေပါ ပံ့ပိုးပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်းမာရေးဆွေးနွေးပွဲတွေကတော့ ဒေသခံတွေနဲ့ ကျွန်တော်တို့အဖွဲ့ဝင်တွေကြားမှာ အပြန်အလှန်ဆက်ဆံရေး တည်ဆောက်ထားပြီး သိလိုတာ၊ မရှင်းတာ၊ မေးချင်တာတွေရှိရင် မေးမြန်းနိုင်ဖို့ အမြဲအားပေးလုပ်ဆောင်နေပါတယ်။ ကျွန်တော့်အမြင်ပြောရရင် ကျွန်တော်တို့ရဲ့ မန်းရေနံမြေဒေသခံတွေအတွက် အခုလို ရွေ့လျားဆေးပေးခန်းတွေကနေ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ကိုယ့်ရပ်ရွာထဲမှာပဲ အလွယ်အတူ အခမဲ့ရရှိနေတာဖြစ်လို့ တကယ် အကျိုးများပါတယ်"


MPRL E&P သည် ရွေ့လျားဆေးပေးခန်းများကို ထိစပ်ကျေးရွာ (၁၄) ရွာအတွင်း ကျွဲချ၊ ကြာကန်၊ နန်းဦး၊ အေးမြ၊ လက်ပံတပင်နှင့် လေးအိမ်တန်းကျေးရွာတို့ရှိ စုရပ်နေရာ (၆) နေရာတွင် တစ်ပတ်လျှင် (၅) ကြိမ် ပုံမှန်ဖွင့်လှစ်၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး ရွေ့လျားဆေးပေးခန်းများ ပြန်လည်ဖွင့်လှစ်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့မှ စတင်၍ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့အထိ ဆေးခန်းဖွင့်လှစ်မှုအကြိမ်ရေ (၂၁၂) ကြိမ်တွင် လာရောက်ပြသမှု စုစုပေါင်း (၇,၂၀၃) ကြိမ်၊ အိမ်တိုင်ရာရောက်ကျန်းမာရေး စောင့်ရှောက်မှု (၂၀) ကြိမ်နှင့် ဒေသခံ (၄၂၈) ဦးအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာမျှဝေမှု (၂၁) ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် အဆိုပါဆေးခန်းများတွင် MPRL E&P ၏ ရေနံမြေတာဝန်ခံ ဆရာဝန် (၂) ဦးနှင့်အတူ မန်းရေနံမြေဒေသခံ ကျန်းမာရေး အထောက်အကူပြုဝန်ထမ်း (၂) ဦးကလည်း ပူးပေါင်းပါဝင် ပံ့ပိုးကူညီလျက်ရှိသည်။ ■



## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ် အတွင်း တွေ့မြင်ရသည့် မန်းရေနံမြေဒေသ၏ “စိမ်းလန်းစိုပြေ တို့ကျောင်းမြေ”













# မန်းရေနံမြေထိစပ်ကျေးရွာများ၏ အုပ်ချုပ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များအတွက် စွမ်းရည်မြှင့်တင်ရေးသင်တန်းပံ့ပိုး

MPRL E&P သည် မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာရှိ လူထုအခြေပြုစီမံကိန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆောင်ရွက်လျက်ရှိသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များအတွက် “စွမ်းရည်မြှင့်တင်ရေးသင်တန်း” ကို စွမ်းရည်ရှေ့ဆောင်လူမှုရေးအသင်း (Capacity Building Initiative–CBI Myanmar) ၏ ပံ့ပိုးမှုဖြင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်နေ့မှ (၁၉) ရက်နေ့အထိ မင်းဘူးမြို့ရှိ မင်းမင်းဟိုတယ်တွင် ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါနှစ်ရက်တာသင်တန်းကို မန်းရေနံမြေ ထိစပ်ကျေးရွာများဖြစ်သည့် ကြာကန်၊ ပေါက်ကုန်း၊ လေးအိမ်တန်း၊ လက်ပံတပင်၊ လက်ပံတော၊ ကျွဲချ၊ ချင်တောင်၊ မန်းကျိုး၊ အေးမြ၊ နန်းဦး၊ မယ်ဘော့ကုန်း၊ အောက်ကျောင်း၊ ရွာသာ၊ မကြီးချောင်းကျေးရွာတို့တွင် လူထုအခြေပြုစီမံကိန်းများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များအတွက် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်တစ်ရပ်အနေဖြင့် ပံ့ပိုးခြင်းဖြစ်သည်။

သင်တန်းတွင် ကြာကန်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တစ်ဦးက “သင်တန်းကနေ ဦးဆောင်မှု







စွမ်းရည်နဲ့ လူမှုဆက်ဆံရေးပါ သိလာရပါတယ်။ ဖွံ့ဖြိုးရေးစီမံကိန်းတွေ၊ ဦးဆောင်မှုနဲ့ စီမံခန့်ခွဲမှုတွေအကြောင်းတွေလည်း လေ့လာသိရှိရပါတယ်" ဟု ဆိုသည်။

အဆိုပါသင်တန်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ကျေးရွာခေါင်းဆောင်များ၏ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် တည်ဆောက်နိုင်ရန် ရည်ရွယ်ပံ့ပိုးခြင်းဖြစ်သည်။ သင်တန်းတွင် စွမ်းရည်ရှေ့ဆောင်လူမှုရေးအသင်းမှ သင်တန်းနည်းပြ ဒေါ်နီလာလင်းအောင်နှင့် ဦးအောင်လှိုင်အေးတို့က ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များအတွက် ကျေးရွာအတွင်း ဆော်သြစည်းရုံးခြင်း၊ ကျေးရွာလုပ်ငန်းဆောင်တာများတွင် ဦးစီးဦးဆောင်လုပ်ကိုင်ခြင်း၊ ကျေးရွာဒေသခံများ၏ လိုလားချက်နှင့် အရင်းအမြစ်များကို ဆန်းစစ်ခြင်း၊ ကျေးရွာများတွင် ဖြစ်ပွားလေ့ရှိသည့် ပြဿနာများကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ဖြေရှင်းဆောင်ရွက်သည့်နည်းလမ်းစသည့် ခေါင်းစဉ်များဖြင့် ပို့ချခဲ့သည်။ ထို့ပြင် အဖွဲ့လိုက်ဆွေးနွေးခြင်းနှင့် လက်တွေ့ရင်ဆိုင်ရသည့် ကိစ္စရပ်များအပေါ် အခြေခံ၍ လေ့ကျင့်သင်ကြားမှုများ ပါဝင်ခဲ့သည်။

“ဒီသင်တန်းကနေ ကိုယ့်ရပ်ရွာမှာ ဘယ်လိုဖွံ့ဖြိုးရေးစီမံကိန်းတွေ လုပ်ကိုင်ဆောင်ရွက်ရမလဲဆိုတာကို သိရှိလာရပါတယ်။ ဒါတွေသိရှိနားလည်မှလည်း စီမံခန့်ခွဲလုပ်ကိုင်ရာမှာ တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။ အုပ်ချုပ်ရေးမှူးတစ်ဦးအနေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေကိုလည်း လေ့လာသိရှိရပါတယ်” ဟု မယ်ဘော့ကုန်းကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးက သင်တန်းနှင့်ပတ်သက်၍ မှတ်ချက်ပြုသည်။







အဆိုပါ စွမ်းရည်မြှင့်သင်တန်းသို့ မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် CSR လုပ်ငန်းအဖွဲ့ဝင် (၃) ဦး အပါအဝင် စုစုပေါင်း (၂၈) ဦး တက်ရောက်ခဲ့သည်။ MPRL E&P သည် မန်းရေနံမြေထိစပ်ကျေးရွာများတွင် CSR လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အခါအားလျော်စွာ သင်တန်းများပို့ချလျက်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ တတိယသုံးလပတ်အတွင်း စွမ်းရည်ရှေ့ဆောင်လူမှုရေးအသင်းနှင့် ပူးပေါင်း၍ ဒေသခံစေတနာ့ဝန်ထမ်းများတွက် “ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်း” သင်တန်းကိုပံ့ပိုးခဲ့ပြီး ဖြစ်သည်။ ■

# မန်းရေနံမြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးလှူဒါန်းလျက်ရှိ

## မေတ္တာရောင်ခြည်စေတနာရှင်အဖွဲ့က အွန်လိုင်း အင်္ဂလိပ်စာသင်ကြားရေးအစီအစဉ်တွင် အသုံးပြုနိုင်ရန် ကွန်ပြူတာ (၄) လုံး ပံ့ပိုးလှူဒါန်း



MPRL E&P (CSR အစီအစဉ်) ၏ အွန်လိုင်းအင်္ဂလိပ်စာသင်တန်းတွင် မန်းရေနံမြေစီမံခန့်ခွဲရေးဌာနမှ ဝန်ထမ်းများ စုပေါင်းဖွဲ့စည်းထားသည့် မေတ္တာရောင်ခြည်စေတနာရှင်အဖွဲ့က ဒေသခံကျောင်းသားလူငယ်များ အသုံးပြုနိုင်ရန် ကွန်ပြူတာ (၄) လုံးကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းမှုကို ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိသည့် အွန်လိုင်းအင်္ဂလိပ်စာ သင်ကြားရေးလုပ်ငန်းများ ပိုမိုအားကောင်းဖွံ့ဖြိုးစေရန်၊ မန်းရေနံမြေထိစပ်ကျေးရွာနေ ကျောင်းသားလူငယ်များအတွက် ပညာရေးဆိုင်ရာ အကူအညီများ ပိုမိုရရှိနိုင်ရန်ရည်ရွယ်၍ ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များတွင် ကုမ္ပဏီဝန်ထမ်းများ၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုအဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

လှူဒါန်းမှုတွင် စုစုပေါင်း ကျပ် ၄,၁၆၀,၀၀၀/ (ကျပ်လေးဆယ့်တစ်သိန်းခြောက်သောင်း) တန်ဖိုးရှိ Dell Latitude (7390၊ 7290၊ 7490 series) 8th Gen & Dell 5200U i5 အမျိုးအစား ကွန်ပြူတာ (၄) လုံးကို မေတ္တာရောင်ခြည်စေတနာရှင်အဖွဲ့ကိုယ်စား ရေနံမြေစီမံခန့်ခွဲရေး မန်နေဂျာ ဦးမျိုးဝင်းက CSR & Communications Department မှ ရေနံမြေ CSR လုပ်ငန်းဆိုင်ရာညှိနှိုင်းရေးမှူး ဒေါ်လှဲ့လှဲ့ခိုင်ထံ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင်လွှဲပြောင်း ပေးအပ်လှူဒါန်းခဲ့သည်။

အွန်လိုင်းအင်္ဂလိပ်စာသင်တန်းကို MPRL E&P (CSR အစီအစဉ်) နှင့် iGroup (Asia Pacific) Limited ၏ အဖွဲ့ဝင် mangoSTEEMS Myanmar တို့ပူးပေါင်း၍ မန်းရေနံမြေရှိ အေးမြကျေးရွာလူထုအခြေပြုဗဟိုဌာန (Community Center) ၌ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့တွင် စတင်ခဲ့ခြင်းဖြစ်ပြီး တစ်နှစ်သင်တန်းပြီးစီးအောင်မြင်စွာဖွင့်လှစ်နိုင်ရေးနှင့် အလားတူသင်တန်းများတိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက လိုအပ်သည်များ ပံ့ပိုးပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အွန်လိုင်းအင်္ဂလိပ်စာသင်တန်းအတွက် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ စုစုပေါင်း ကွန်ပြူတာ (၁၄) လုံးဖြင့် လည်ပတ်ပို့ချလျက်ရှိသည်။

မေတ္တာရောင်ခြည်စေတနာရှင်အဖွဲ့ကို မန်းရေနံမြေစီမံခန့်ခွဲရေးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ စုပေါင်း၍ ၂၀၁၆ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့ပြီး လှူဒါန်းမှုများပြုလုပ်နိုင်ရန် လစဉ်ရန်ပုံငွေစုဆောင်းခြင်းဖြင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်ရာ ဒေသတွင်းရှိ ဆင်းရဲနွမ်းပါးသည့် ကျောင်းသားကျောင်းသူများအတွက် လိုအပ်သည်များ ပံ့ပိုးလှူဒါန်းလျက်ရှိသည်။

## မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန (မင်းဘူးဆေးရုံ) မျက်စိခွဲစိတ်ခန်းအတွက် လေအေးပေးစက်တစ်လုံး MPRL E&P (CSR အစီအစဉ်) ဖြင့် တပ်ဆင်လှူဒါန်း



ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန (မင်းဘူးဆေးရုံ) မျက်စိခွဲစိတ်ခန်းအတွက် လေအေးပေးစက် (CHIGO 1.5 HP)၊ ဆက်စပ်ပစ္စည်းများနှင့် တပ်ဆင်ခတို့အတွက် စုစုပေါင်းကုန်ကျစရိတ် ကျပ် ၁,၀၃၁,၅၀၀/ (ကျပ်ဆယ်သိန်းသုံးသောင်းတစ်ထောင့်ငါးရာ) ကို MPRL E&P (CSR အစီအစဉ်) ဖြင့် မျက်စိအထူးကုသမားတော် ဒေါက်တာအိအိအောင်ထံ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ပေးအပ်လှူဒါန်းခဲ့သည်။

MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များသည် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန (မင်းဘူးဆေးရုံ) နှင့်ချိတ်ဆက်၍ MPRL E&P ကုမ္ပဏီမှ နိုင်ငံခြားသားဝန်ထမ်းတစ်ဦး၏ လှူဒါန်းငွေ၊ CSR အစီအစဉ်၏ ရန်ပုံငွေတို့ဖြင့် "အမြင်ကြည်လင်၊ ပြုံးပျော်ရွှင်" အထွေထွေမျက်စိစစ်ဆေးစမ်းသပ်ခြင်းအစီအစဉ်ကို မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာအတွင်းရှိ အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို မျက်စိကျန်းမာရေးဆိုင်ရာသိကောင်းစရာများ ဟောပြောပို့ချခြင်းနှင့် အထွေထွေမျက်စိစမ်းသပ်စစ်ဆေးခြင်းတို့ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်၊ (၃၁) ရက်နှင့် ဖေဖော်ဝါရီလ (၂) ရက်နေ့တို့တွင် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် မျက်စိစစ်ဆေးစမ်းသပ်မှုရလဒ်များအရ လိုအပ်ချက်အလိုက် မျက်မှန်၊ မျက်စိအားဆေး၊ မျက်စဉ်းဆေးများပံ့ပိုးခြင်းနှင့် မျက်စိခွဲစိတ်ခြင်းတို့ကိုပါ ဆက်လက်ပံ့ပိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

## မင်းဘူးခရိုင်ဘိုးဘွားရိပ်သာအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် (၂၅) သိန်း ပံ့ပိုးလှူဒါန်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ရှိ ဘိုးဘွားရိပ်သာအသစ်ဖွင့်လှစ်မှုတွင် ဘိုးဘွားများအတွက် စားသောက်နေထိုင်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ စီမံဆောင်ရွက်နိုင်ရန် MPRL E&P ကုမ္ပဏီအနေဖြင့် ဘိုးဘွားရိပ်သာအတွက် ကျပ် ၂,၅၀၀,၀၀၀/ (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ) ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှတဆင့် မင်းဘူးခရိုင်၊ ဘိုးဘွားရိပ်သာသို့ ပေးအပ်လှူဒါန်းခဲ့သည်။

## ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) သို့ သင်ကြားရေးနှင့်သင်ယူရေး အထောက်အကူပြု ကွန်ပြူတာ (၅) လုံး MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးလှူဒါန်း



MPRL E&P သည် မန်းရေနံမြေဒေသခံလူငယ်များအတွက် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းစွမ်းရည်များ ပိုမိုတိုးတက်စေရန် နှစ်စဉ်ပညာသင်ဆုများချီးမြှင့်ထောက်ပံ့ခြင်းဖြင့်ပံ့ပိုးလျက်ရှိရာ ဒေသခံကျောင်းသား (၇) ဦးတက်ရောက်လျက်ရှိသည့် စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) အတွက် သင်ကြားရေးနှင့် သင်ယူရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန် တစ်လုံးလျှင် ကျပ် ၈၇၀,၈၀၀/ (ကျပ်ရှစ်သိန်းခုနစ်သောင်းရှစ်ရာ) တန်ဖိုးရှိ Lenovo Idea Pad 1 15IGL (Pentium) 15.6" (8GB၊ 256GB) အမျိုးအစား Laptop (၅) လုံးနှင့် ဆက်စပ်ပစ္စည်းများကို ၂၀၂၃ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) ၏ ကျောင်းအုပ်ကြီး ဦးကိုးထင်းထံ CSR လုပ်ငန်းအဖွဲ့ဝင်များက လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါလှူဒါန်းမှုအတွက် စုစုပေါင်း ကျပ် ၄,၃၅၄,၀၀၀/ (ကျပ်လေးဆယ့်သုံးသိန်းငါးသောင်းလေးထောင်) ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးခဲ့ခြင်းဖြစ်သည်။ ■



တိုးဖွံ့နှီးမြေ သတင်းလွှာ

# MPRL E&P ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအစီရင်ခံစာ-၂၀၂၂ (Sustainability Report 2022) ထုတ်ဝေခြင်းနှင့် မန်းရေနံမြေ၏ CSR လုပ်ငန်းများကို ပြန်ကြားဆက်သွယ်ခြင်း

MPRL E&P ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအစီရင်ခံစာ-၂၀၂၂ (Sustainability Report 2022) ကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် MPRL E&P ၏ ဝက်ဘ်ဆိုဒ် စာမျက်နှာ https://mprlexp.com တွင်လွှင့်တင်ခဲ့သည်။ အဆိုပါအစီရင်ခံစာကို ဒုတိယအကြိမ်မြောက် ပြုစုထုတ်ဝေခြင်းဖြစ်ပြီး ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်များအတွင်း MPRL E&P ကုမ္ပဏီ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များကို နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံများနှင့်ဝန်ထမ်းများ အပါအဝင် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူနှင့် အဖွဲ့အစည်းများ သိရှိနားလည်နိုင်စေရန် ပွင့်လင်းမြင်သာစွာ ရေးသားတင်ပြထားသည်။ အဓိကအားဖြင့် မန်းရေနံမြေစီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်ချက်များ၊ လူမှုတာဝန်သိ လုပ်ငန်းအစီအစဉ်များ၊ ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများနှင့် တိုးတက်ဆောင်ရွက်ချက်များကို နိုင်ငံတကာသုံး အစီရင်ခံရေးသားမှုနည်းစနစ်ဖြစ်သည့် Global Reporting Initiative (GRI) နည်းစနစ်ကို အသုံးပြုပြီး စင်္ကာပူနိုင်ငံအခြေစိုက် CSR Asia (an ELEVATE company) အတိုင်ပင်ခံအဖွဲ့အစည်း၏ အကူအညီဖြင့် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်း MPRL E&P ကုမ္ပဏီများအုပ်စုအတွင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ နည်းပညာဆိုင်ရာဆောင်းပါးများနှင့် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်းသည့် သတင်းဆောင်းပါးများ၊ MPRL E&P ကုမ္ပဏီများအုပ်စု၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအစီရင်ခံစာ-၂၀၂၂ (Sustainability Report 2022) ထုတ်ဝေမှု သတင်းဆောင်းပါး၊ လှူဒါန်းမှုများနှင့် ရွက်လှေအားကစားဆိုင်ရာသတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်းများ ဖော်ပြပါရှိသည့် Insight! သတင်းလွှာ အမှတ် (၃၄) ကို ထုတ်ဝေခဲ့သည်။

ထို့ပြင် မန်းရေနံမြေဒေသခံများနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ အသေးစိတ် လေ့လာဖတ်ရှုနိုင်ရန် MPRL E&P ၏ မန်းရေနံမြေတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းဆောင်ရွက်ချက်များ ဖော်ပြပါရှိသည့် တို့မန်းမြေ သတင်းလွှာ အမှတ် (၈) ကို ၂၀၂၃ ခုနှစ်၊ မတ်လတွင် ထုတ်ဝေခဲ့သည်။





Insight! သတင်းလွှာ အမှတ် (၃၄)



တို့မန်းမြေ သတင်းလွှာ အမှတ် (၈)

MPRL E&P ၏ မန်းရေနံမြေတွင်ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းများနှင့် စပ်လျဉ်း၍ လစဉ်၊ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်နှင့် နှစ်ပတ်လည်အစီရင်ခံစာများဖြင့် သက်ဆိုင်ရာလုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံသို့ ပေးပို့အစီရင်ခံလျက်ရှိသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်း CSR လုပ်ငန်းများဆိုင်ရာ စတုတ္ထသုံးလပတ်နှင့် ဒုတိယခြောက်လပတ် အစီရင်ခံစာတို့ကို လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ပေးပို့ခဲ့သည်။ ထို့အပြင် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားဖော်ပြသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ စတုတ္ထသုံးလပတ် အစီရင်ခံစာတို့ကို MPRL E&P ၏ ဝက်ဘ်ဆိုဒ် စာမျက်နှာ https://mprlexp.com တွင် အခြားထုတ်ဝေပြီး အစီရင်ခံစာများနှင့်အတူ တင်ပြခဲ့ပြီးဖြစ်သည်။ ■





၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ CSR လုပ်ငန်းဆိုင်ရာ စတုတ္ထသုံးလပတ်နှင့် ဒုတိယခြောက်လပတ် အစီရင်ခံစာများ




MPRL E&P ၏ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအစီရင်ခံစာ-၂၀၂၂" (Sustainability Report 2022)



Insight! သတင်းလွှာ အမှတ် (၃၃) နှင့် တို့မန်းမြေ သတင်းလွှာ အမှတ် (၇) တို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ချီခြင်း

## လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံ

### မန်းဒေသခံများနှင့်တွေ့ဆုံ၍ CSR လုပ်ငန်းများကို ရှင်းလင်းတင်ပြခြင်း



MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် မန်းရေနံမြေ ထိစပ်ကျေးရွာနေ ဒေသခံများသာမက ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပထမခြောက်လပတ်အတွင်း ဆောင်ရွက်ပြီးစီးသည့် ကျေးရွာနှင့် ကျောင်းအခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ CSR လုပ်ငန်းများနှင့် ဒုတိယခြောက်လပတ်အတွင်း ဆောင်ရွက်မည့် CSR လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများနှင့် စေတနာ့ဝန်ထမ်းများအား ရှင်းလင်းတင်ပြဆွေးနွေးသည့် အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် မန်းရေနံမြေ အောက်ကျောင်းကျေးရွာရှိ (၉၉) တံခါးကြီးဘုရားဓမ္မာရုံတွင် ပြုလုပ်ခဲ့သည်။ အဆိုပါအစီအစဉ်သို့ မန်းရေနံမြေဒေသခံ (၅၄) ဦး တက်ရောက်ခဲ့ပြီး CSR လုပ်ငန်းများနှင့်စပ်လျဉ်း၍ မေးမြန်းမှုများကို CSR လုပ်ငန်းအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

### ကျေးရွာအခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း

မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CSR လုပ်ငန်းဆောင်ရွက်ချက်များအနက် နန်းဦးကျေးရွာ စာကြည့်တိုက်ကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ရန် လိုအပ်သော စာကြည့်တိုက်သုံး ပရိဘောဂများ ပံ့ပိုးနိုင်ရေးနှင့် ကြာကန်ကျေးရွာ အခြေခံပညာကျောင်းတွင် လိုအပ်သော ကျောင်းသုံးပရိဘောဂပစ္စည်းများ ပံ့ပိုးနိုင်ရေး ကိစ္စရပ်များအတွက် သက်ဆိုင်ရာကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ အခြေခံပညာကျောင်းတာဝန်ရှိသူများ၊ ပရိဘောဂထုတ်လုပ်ရောင်းချသူများနှင့် ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များ၏ တွေ့ဆုံမှုများကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းဆောင်ရွက်ခဲ့သည်။




အလားတူ မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် ကျေးရွာအခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကျေးရွာအလိုက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များက သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ ■

## မန်းရေနံမြေဒေသခံများ တင်ပြလာသော အကြံပြုစာများကို အလေးထား ဖြေရှင်းဆောင်ရွက်လျက်ရှိ

ဒေသခံလူထုအတွက် နစ်နာမှုများကို ဖြေလျှော့ကုစားသည့် လုပ်ငန်းစဉ်ဖြစ်သော အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism) အရ မန်းရေနံမြေ တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအတွင်း မန်းရေနံမြေနှင့် ထိစပ်ကျေးရွာဖြစ်သည့် မယ်ဘေ့ကုန်းကျေးရွာရှိ ဒေသခံတစ်ဦးထံမှ ကုမ္ပဏီ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက် (သို့မဟုတ်) သက်ရောက်မှုတစ်စုံတစ်ရာရှိကြောင်း ပေးပို့လာသော အကြံပြုစာ (၁) စောင် လက်ခံရရှိခဲ့ရာ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ ပေးပို့လာသော အကြံပြုစာအရေအတွက် စုစုပေါင်း (၁၆၆) စောင်ရှိပြီဖြစ်သည်။





*အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာအရေးကြီး စွမ်းဆောင်ရည်ပြအညွှန်းကိန်း (၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ)*




*၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ လက်ခံရရှိသော အကြံပြုစာအမျိုးအစားနှင့် အရေအတွက်*

တင်ပြလာသည့်ဖြစ်စဉ်များကို MPRL E&P ၏ မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့ (Field Operations Team) နှင့် သက်ဆိုင်ရာဌာနများပေါင်း၍ စစ်ဆေးပြုပြင်မှုများ ပြုလုပ်ခဲ့ပြီးနောက် အကြံပြုလွှာများကို အောင်မြင်စွာပိတ်သိမ်းနိုင်ခဲ့သည်။ ဒေသခံများ၏ အကြံပြုဆွေးနွေးချက်များကို MPRL E&P အနေဖြင့် သက်ဆိုင်ရာဌာနများပေါင်းစပ်၍ အလေးထားဖြေရှင်းပေးခဲ့သည့်အတွက် အကြံပြုစာပေးပို့သူဘက်မှ ကျေနပ်မှုရာနှုန်းပြည့် ရရှိခဲ့ခြင်းဖြစ်သည်။




*၂၀၁၄ ခုနှစ်မှ ယနေ့အထိ လက်ခံရရှိသည့်အကြံပြုစာများနှင့် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများ*

MPRL E&P သည် လုပ်ငန်းလုပ်ကိုင်ရာဒေသရှိ ဒေသခံများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်စပ်သည့် ကိစ္စရပ်များနှင့် စိုးရိမ်မှုများရှိပါက တိုက်ရိုက်ဆက်သွယ်ပြောဆိုနိုင်မည့် နည်းလမ်းချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အချိန်နှင့်တပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ပြီး ဒေသခံများနှင့် ထိရောက်သည့်ပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်လုပ်ကိုင်နိုင်ခြင်း၏ အဓိကအကြောင်းရင်းလည်းဖြစ်သည်။ ■

## MPRL E&P (CSR အစီအစဉ်) ၏ ရွေ့လျားဆေးပေးခန်းများတွင် ပါဝင်အားဖြည့် ကူညီလျက်ရှိသည့် မန်းရေနံမြေတာဝန်ခံဆရာဝန်များနှင့်တွေ့ဆုံခြင်း

မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီအနေဖြင့် CSR အစီအစဉ်တွင် ဒေသခံများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ရွေ့လျားဆေးပေးခန်းများ ဖွင့်လှစ်၍ အခမဲ့ပံ့ပိုးလျက်ရှိရာ မူလသတ်မှတ်တာဝန်များအပြင် ကုမ္ပဏီ၏ CSR လုပ်ငန်းများတွင် ပါဝင်အားဖြည့်ကူညီကြသည့် ရေနံမြေတာဝန်ခံဆရာဝန်များနှင့် တွေ့ဆုံမေးမြန်းမှုများကို မျှဝေတင်ပြအပ်ပါသည်။



ဒေါက်တာကျော်ရဲထွဋ်
ရေနံမြေတာဝန်ခံဆရာဝန်

"၂၀၂၁ ခုနှစ် မတိုင်ခင်က MPRL E&P ကို ကျွန်တော်စပြီး အလုပ်မဝင်ခင်မှာ Asia Drilling Pte Ltd. မှာ သုံးနှစ်လောက် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအရာရှိ (HSE Officer) အဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ လက်ရှိ MPRL E&P မှာ ကျွန်တော်က HSE ဌာနရဲ့ HSE အပိုင်း၊ ရှေးဦးပြုစုနည်းနဲ့ မန်းရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းမှာ လုပ်ငန်းဆောင်ရွက်နေတဲ့ ဝန်ထမ်းတိုင်းအတွက် ဘယ်လိုနာမကျန်းမှုတွေအတွက်မဆို ဆေးဝါးနဲ့ စနစ်တကျ ကုသပံ့ပိုးပေးဖို့ တာဝန်ရှိပါတယ်။ ဒါ့အပြင် ရာသီအလိုက် ဖြစ်ပွားတတ်တဲ့ ရောဂါတွေ၊ ကူးစက်ရောဂါအသွင် ဖြစ်လာနိုင်တဲ့ ရောဂါတွေနဲ့ ပတ်သက်ပြီး ကျန်းမာရေးအသိပညာမျှဝေပေးတာတွေလည်း ဆောင်ရွက်ရပါတယ်။ အပတ်စဉ် ပုံမှန်အနေနဲ့ကတော့ မန်းရေနံမြေအခြေစိုက်ရုံးမှာ ကျန်းမာရေးနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေး အခြေအနေတွေကို ကြည့်ရှုစစ်ဆေးရပါတယ်။ အခြေစိုက်ရုံးမှာ HSE နဲ့သက်ဆိုင်တဲ့ လုပ်ငန်းတွေ၊ လေဖြတ်ဝေဒနာနဲ့ အခြားအလုပ်နဲ့သက်ဆိုင်တဲ့ HSE လှုပ်ရှားမှုတွေ၊ သင်တန်းတွေ၊ လူနာတင်ထမ်းစင်နဲ့ ရှေးဦးပြုစုနည်းသင်တန်းတွေအတွက်လည်း သင်တန်းမှူးအနေနဲ့ သင်ကြားပြသပေးနေပါတယ်။

ရေနံနဲ့သဘာဝဓာတ်ငွေ့နယ်ပယ်က ကုမ္ပဏီဝန်ထမ်းတစ်ယောက်အနေနဲ့ ကုမ္ပဏီရဲ့လူမှုတာဝန်သိလုပ်ငန်းအစီအစဉ်တွေကို သေချာလေ့လာချင်ခဲ့ပြီး ကုမ္ပဏီနဲ့ဆက်စပ်တဲ့ ဒေသခံတွေအတွက်ပါ ပါဝင်အားဖြည့်ကူညီနိုင်တဲ့သူတစ်ယောက် ဖြစ်ချင်ခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ကုမ္ပဏီရဲ့ CSR & Communications ဌာနရဲ့ အဓိကပံ့ပိုးမှုနဲ့ မန်းရေနံမြေဒေသခံတွေအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ရွေ့လျားဆေးပေးခန်းတွေမှာ တာဝန်ခံဆရာဝန်အဖြစ်နဲ့ပါဝင်ခွင့်ရခဲ့ပါတယ်။

အခုဆိုရင် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာ ဒေသခံတွေအတွက် စုရပ်နေရာ (၆) နေရာမှာ ရွေ့လျားဆေးပေးခန်း (၅) ခုကို တစ်ပတ် (၅) ရက်နဲ့ အပတ်စဉ် ဖွင့်လှစ်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ အဖွဲ့ဝင်တစ်ယောက်ဖြစ်လာခဲ့ပါတယ်။ ရွေ့လျားဆေးပေးခန်းတွေကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့မှာ ပြန်လည်ဖွင့်လှစ်ခဲ့ပေမယ့် ကျွန်တော့်လုပ်ဖော်ကိုင်ဖက် ဆရာဝန်တစ်ဦးနဲ့အတူ ဇွန်လ (၂၂) ရက်နေ့ကစပြီး တာဝန်ခံဆရာဝန်အဖြစ်နဲ့စပြီး ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်တော်တို့ မတိုင်ခင်ကတော့ ဒေသခံဆရာဝန်တစ်ဦးနဲ့ အခြားကျန်းမာရေးဝန်ထမ်းတွေက ရွေ့လျားဆေးပေးခန်းအားလုံး ပုံမှန်လည်ပတ်နိုင်ဖို့ ကြိုးကြပ်ပံ့ပိုးခဲ့ပါတယ်။ မန်းရေနံမြေမှာ ဆရာဝန်တစ်ယောက်အနေနဲ့ ဒေသခံတွေကို ကျန်းမာရေးစောင့်ရှောက်ပေးရာမှာ ဆီးချို၊ သွေးတိုးနဲ့ သက်ကြီးလူနာတွေမှာတော့ အဆစ်၊ အမြစ်ကိုက်ခဲတဲ့ ဝေဒနာတွေ အဖြစ်အများဆုံးဆိုတာ သတိပြုမိပါတယ်။ ဒါ့ကြောင့်လည်း CSR လုပ်ငန်းအဖွဲ့ဝင်တွေနဲ့တိုင်ပင်ပြီး မန်းဒေသခံတွေအတွက် လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့အတူ ကျန်းမာရေးအသိပညာပါ ပေးနိုင်အောင် စီစဉ်ခဲ့ပါတယ်။ အခုဆိုရင် ကျွန်တော့်လုပ်ဖော်ကိုင်ဖက်ဆရာဝန်နဲ့အတူ သွေးတိုးနဲ့ ဆီးချိုရောဂါဆိုင်ရာ အသိပညာပေး အစီအစဉ်တွေကို ရွေ့လျားဆေးပေးခန်းတွေ မစခင်အချိန်မှာ လူစုပြီးဆွေးနွေးရှင်းပြကြပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ရောဂါဆိုင်ရာ အခြေခံအချက်အလက်တွေ၊ နေ့စဉ်လူမှုဘဝမှာ ဆောင်ရန်၊ ရှောင်ရန်နဲ့ ပုံမှန်သောက်သုံးသင့်တဲ့ ဆေးဝါးတွေကအစပါဝင်တဲ့ အများသူငှာ နားလည်နိုင်စေမယ့် ရှင်းလင်းတိကျတဲ့ သတင်းအချက်အလက်တွေဖြစ်ဖို့ အသိပညာပေးလက်ကမ်းစာစောင်တွေကို CSR လုပ်ငန်းအဖွဲ့ဝင်တွေကပဲ ပြင်ဆင်ပံ့ပိုးပေးပါတယ်။ ကျွန်တော်တို့အနေနဲ့ထပ်ပြီး လူနာရှင်တွေသိလိုတဲ့ မေးခွန်းတွေကိုလည်း အပြန်အလှန်မေးမြန်းဖြေကြားပေးတာတွေ လုပ်ကြပါတယ်။

> “အခုဆိုရင် ကျန်းမာရေးပြဿနာရှိတဲ့ ဒေသခံတွေက ရွေ့လျားဆေးပေးခန်းတွေကို ပုံမှန်လာရောက်ပြသပြီး ကျန်းမာရေးဆိုင်ရာ အကြံပြုချက်တွေကို ပိုပြီးတောင်းခံလာကြပါတယ်”

လက်ရှိအချိန်မှာတော့ ရွေ့လျားဆေးပေးခန်းတစ်ခုမှာ ဆေးပေးခန်းဖွင့်လှစ်တဲ့ရွာနဲ့ ရွာနီးချုပ်စပ်က လူနာအယောက် (၃၀) လောက် နေ့စဉ်လာရောက်ပြသနေကြပါတယ်။ ပုံမှန်အားဖြင့်တော့ တစ်ကြိမ်ပြပြီးသားလူနာတွေက နောက်တစ်ကြိမ်လာပြရင် သက်သာလာတာတွေ့ရပြီး ကျန်းမာရေးအသိပညာပေးအစီအစဉ်တွေကိုလည်း စိတ်ဝင်တစားနားထောင်ကြပါတယ်။ ကျွန်တော်တို့ရဲ့ အကြံပြုချက်တွေအပေါ်မှာလည်း လေးစားလိုက်နာကြပါတယ်။ အခုဆိုရင် ကျန်းမာရေးပြဿနာရှိတဲ့ ဒေသခံတွေက ရွေ့လျားဆေးပေးခန်းတွေကို ပုံမှန်လာရောက်ပြသပြီး ကျန်းမာရေးဆိုင်ရာ အကြံပြုချက်တွေကို ပိုပြီး တောင်းခံလာကြပါတယ်"

စာမျက်နှာ - ၇ ➤

